

BOOKCASE
BY SAW
.com
SAMPLE BOOK
မိုးစက်ပွင့်တို့.....
ဒိုင်ယာရီ
စေပိုင်ထွဋ် ၊ ဝတ်ရည်နန္ဒာ ၊ ခတ်ဦးနွေ
mgyoe.com

mgyoe.com SAMPLE BOOK

တစိမ့်စိမ့်၊ တပေါက်ပေါက်ကျနေသော မိုးရေစက်များကိုငေးရင်း
ကော်ဖီသောက်ရသည့်မှာအဆွေးတစ်ကို ဖုံး၍ ဘဝင်ခိုက်စေပါသည်။
ပဖိတ်ခေါ်ဘဲ လာသည့်ညှော်သည်ပမာ မိုးကလေးအုံ့လာရင် အလွမ်းဝေဒနာက အစပြုလေ့ရှိ၏။
ထိုအချိန် ကော်ဖီက ဆားခပ်ပေးသည့်အခါ ငုံနေသည့်ပန်းကလေးသည် ပွင့်လာသကဲ့သို့
အလွမ်းသည် ဤကမ္ဘာမြေပေါ် ပုန်တိုင်းထန်လာပေတော့သည်။

-ဝေမိုင်ထွန်း

မိုးလေသာပယ်သတင်းက FM ရေဒီယိုကနေ လွင့်လာတယ်၊
ရုပ်ခွင်တိုင်းက အညိုရောင် မှိုင်းတယ်၊
ပျော်လိုက်တဲ့ ကော်ဖီက အတိတ်ဆီကို အချိန်ခရီးသွားခဲ့တယ်၊
တိမ်တွေဆီက ဂစ်တာသံကြားတယ်၊
အလွမ်းတွေ မိုးသည်းတယ်၊
ဒီတစ်ရာသီမှာလည်း မိုးနဲ့ ကော်ဖီက ရေချိန်ကိုက်ခဲ့တယ်၊
ကျွန်တော် ခင်များကို လွမ်းတယ်၊

-ဝတ်ရည်နန္ဒာ

လူကြီးတွေဆီမှာ အပြန်ပတ်ခံရလို့ နိုင်ငံယာရီတွေ ပရေးတော့ဘူးဆိုပြီး ဆုံးဖြတ်ခဲ့တဲ့နောက်မှာ
ကျွန်တော့်မှတ်ဉာဏ်တွေဟာ သိပ်ပကောင်းတော့တာ သိသိသာသာ ၊
ခုနောက်ပိုင်းတော့ နိုင်ငံယာရီတွေ ပြန်ရေးဖြစ်တယ် ၊
သိမ်းထားချင်သေးတဲ့ အမှတ်တရ အပိုင်းအစလေးတွေကို ပြန်ချိတ်ဆက်နေမိတာလို့ပဲ ပြောရမလား၊
စိတ်ထွက်ပေါက်ဟာ စာအုပ်တွေနဲ့ သီချင်းတွေဆီမှာပဲ တစ်ကြော့ပြန်ရောက်တယ်၊

-ခတ်ဦးနွေ

Design By Ishita

9 250011 52795

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း
ထုတ်ဝေသည့် ခုနှစ်၊ လ – ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (ပထမအကြိမ်)

မျက်နှာဖုံးဒီဇိုင်း – အိရှိတာ
စာတည်း – မော်ဝန်းသီဟ
ကွန်ပျူတာစာစီနှင့်
စာမျက်နှာ ဖွဲ့စည်းမှုဒီဇိုင်း – ကောင်းမြတ်

ထုတ်ဝေသူ
ဒေါ်အိအိချို (၀၂၈၂၈)၊ မြဝတ်ချို စာပေ၊ အမှတ် (၂၀)၊ ဗိုလ်ချုပ်လမ်း
ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၅၀၀ ၁၁၅၂၁

ပုံနှိပ်သူ
ဦးကျော်ကျော် (မြ ၀၁၃၅၈)
အောင်သုတပုံနှိပ်တိုက်၊ အမှတ် (၉၂/အေ) ၊ စက်မှုဇုန် ၃ လမ်း။
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အုပ်ရေ – ၅၀၀
တန်ဖိုး – ၇၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# မိုးစက်ပွင့်တို့.....

# ဒိုင်ယာရီ

ဧပိုင်ထွဋ်မြ၊ ဝတ်ရည်နန္ဒာ၊ ခတ်ဦးနွေ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## စေပိုင်ထွင်ု

၁။ မိုးသက်ငွေ့ရိပ် လွမ်းအတိတ် ၉
၂။ မေ့နေမိတဲ့ နေရာလွတ် ၁၁
၃။ ဟန်မရှိတဲ့အသံ ၁၅
၄။ နေရာလိုက်တန်ဖိုး ၂၀
၅။ အမှောင်ကမ္ဘာက ရုန်းထွက်ခြင်း ၂၇
၆။ ခြင်ကလောင်တစ်ကောင်ရဲ့ ရင်ဖွင့်သံ ၃၂
၇။ တစ်စုံတစ်ယောက်၏ စီရင်မှုအောက်
ရက်စက်သော ယဇ်ပလ္လင် ၃၈
၈။ စာအုပ်များနှင့်ကျွန်တော် ၄၃

Myawuttcho-book-case by saw
mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## မိုးသက်ငွေ့ရိပ် လွှမ်းအတိတ်

တစိမ့်စိမ့် တပေါက်ပေါက် ကျနေသော မိုးရေစက်များကို ငေးရင်း ကော်ဖီသောက်ရသည်မှာ အဆွေးဓာတ်ကို ပို၍ ဘဝင်ခိုက်စေပါသည်။ မဖိတ်ခေါ်ဘဲ လာသည့် ဧည့်သည်ပမာ မိုးကလေးအုံ့လာရင် အလွမ်းဝေဒနာက အစပြုလေ့ရှိ၏။ ထိုအချိန် ကော်ဖီက ဆားခတ်ပေးသည့်အခါ ငုံနေသည့် ပန်းကလေးသည် ပွင့်လာသကဲ့သို့ အလွမ်းသည် ဤကမ္ဘာမြေပေါ် မှန်တိုင်းထန်လာပေတော့သည်။

ပြတင်းပေါက်ကို ငေးရင်း ပစ္စုပ္ပန်သည်ကား အတိတ်ဆီသို့ ခုတ်မောင်းသွား၏။ သည်အချိန် သည်လိုရာသီတုန်းက မြို့ထဲမှ ကမ္ဘာအေးဘုရားသို့ တစ်ယောက်သောသူနှင့် တကူးတက သွားခဲ့တာ။ အပြန် သည်လိုမိုးရွာခဲ့တုန်းက မလုံတဲ့ထီးအောက် နှစ်ယောက်ခို၍ မိုးရေစိုစေမည့်အတူတူ ထီးပိတ်ရင်း မိုးရေစက်များအောက် လက်တွဲမဖြုတ် ပြေးလွှားခဲ့ကြတာ။ အင်းလျားကန်ဘောင်ပေါ် တက်ရင်း မိုးက ချမ်းလွန်း၍ ကိုယ်ငွေ့လှုံရင်း နွေးရသည့်အကြောင်း လက်တွေ့ ဆည်းပူးထားခဲ့သမျှ မမေ့ ... မမေ့။ သည်လူဟာ မမေ့။ ကျွန်တော်လည်း ထင်ပါသည်။ သူသည်လည်း မေ့နိုင်လိမ့်ဦးမည် မထင်။


mgyoe.com

mgyoe.com SAMPLE BOOK

စိတ်လှုပ်ရှားရာ အခိုက်အတန့်။ ရာသီဥတု၏ ပံ့ပိုးချက်များသည် ပြန်လိုချင်တိုင်း ရနိုင်လိမ့်မည်မဟုတ်။ ပိုင်ဆိုင်ခဲ့ဖူးသော ထိုအချိန်သည် တွေးမိတိုင်း ကြည်နူးစရာမို့ ရပ်တန့်ထားချင်မိသည့် အချိန်ကာလ မဟုတ်လား။ ယခုအခါ ရှာမတွေ့၍ ပြန်မြင်ယောင်ရင်း တမ်းတ၊ တမ်းတခြင်း ကမ်းပါးမှ အလွမ်းပင်လယ်ဆီ တရွေ့ရွေ့ ခရီးနှင်လာခဲ့၏။

ချစ်သူဘဝ၏ သာယာသောအပိုင်းသည် အိမ်ထောင်တစ်ခုဆီ သွားသည့်အခါ အလှအပထက် ဘဝပိုဆန်သွား၏။ စိတ်ကူးယဉ်ခြင်းထက် လက်တွေ့နယ်ပယ်ကို ရင့်သန်လာရသည့်နောက် မိုးထဲရေထဲ ယခင်လို အရသာကို ပြန်ရှာဖွေရအောင်ဟု ကျွန်တော် သူ့ကို သွားပြောလျှင် သေချာပါသည်။ မကြီးမငယ်နဲ့ ရှင်ရူးနေသလားဟု ကြိမ်းမောင်းမည်။ ထို့ကြောင့် မရတော့သည့် အတိတ်ကို ရှာဖွေနေမည့်အစား အဆင်သင့်လာလျှင် လွမ်းလိုက်တာပဲ ကောင်းသည်။ လုပ်ယူမှရသော အဆင့်ဆိုလျှင် တကယ့်ပျော်ရွှင်မှုအစစ် ဖြစ်နိုင်တော့မည် မဟုတ်။ အရွယ်က စကားပြောလာသည်။ ဘဝက ဆုံးမ သွန်သင်လာသည်။

သို့သော် နုနယ်သော နှလုံးသားကမူ အရွယ်အိုသလို လိုက်မအိုသွားချေ။ ရာသီဥတုက ကိုယ့်ဘက်ပါသည့် အချိန်တိုင်း မည်သူ သိသိ မသိသိ ကိုယ် ခံစား၏။ အသိဉာဏ်က အသိဉာဏ်တစ်ပိုင်း၊ နှလုံးသားက နှလုံးသားတစ်ပိုင်း။ လူသားသည် သံထည်သံသားများနှင့် ပြုလုပ်ထားသော စက်ရုပ်တစ်ရုပ် မဟုတ်။

ကျွန်တော်သိပါသည်။ အဘိုးကြီးကျွန်တော် မိုးရေစက်များကို ငေးရင်း လွမ်းကောင်းတုန်း ဘေးနားမှ ထိုအဘွားကြီးသည်လည်း ...။

စေပိုင်ထွဋ်

❑


mgyoe.com

mgyoe.com SAMPLE BOOK

## မေ့နေမိတဲ့ နေရာလွတ်

မတွေးဖြစ်အောင်နေမယ်ဆိုတဲ့ အတွေးက ရေခိုးရေငွေ့လို ပျံ့တက်သွားတယ်။ မင်းကို စိတ်မရှိဘူးလို့ ညာရတာလည်း အထမမြောက်တဲ့ မုသားတစ်ခုပါပဲ။ စိတ်ရဲ့ ရောက်ရာပေါက်ရာ ရွက်ကျပင်ပေါက်တွေက သတိရခြင်းတွေအပေါ် မှိုလိုပေါက်လို့။ ရာသီမဟုတ်ဘဲ ပေါက်နေမိတဲ့ မှိုတွေဆိုတော့ မင်းပေးတဲ့အဆိပ်လို ခါးသက်လွန်းတယ်။

သတိပဋ္ဌာန်တရားတွေ သိရက် အသိအမှန်မရှိဘဲ ရှုံးသွားသူပါ။ မခေါ်သင့်တဲ့ အလွတ်ရ ဖုန်းနံပါတ်ကိုမှ လျှောက်လျှောက်ခေါ်နေမိတဲ့ ငါ့အဖြစ်။ တော်သေးတယ်။ ဒီဖုန်းဟာ ဆက်သွယ်ရေးဧရိယာပြင်ပ ရောက်နေလို့။ အမှတ်မထင် ရထားတဲ့ ဖုန်းနံပါတ်အသစ်ဟာလည်း စိတ်နောက်ကိုယ်ပါ ဖျက်ထားမိလို့ တော်သေးရဲ့။ စည်းဝိုင်းအပြင်ကလူက စည်းနားမကပ်သင့်ဘူးဆိုတာ မင်းမပြောလည်း ငါ သိထားပြီးသား။ ခေါ်ပြီး မဝင်တဲ့ဖုန်းတွေမှန်း သိတော့ ငါနဲ့မဆိုင်တဲ့ဖုန်းလို ပါဝါပိတ်ထားခဲ့မိ။ တကယ့်ငါ့ဘဝအတိုင်းပဲ။

Myawuttcho-book-case by saw
mgyoe.com

mgyoe.com SAMPLE BOOK

ရပ်နေခဲ့သမျှ မြေဟာ ပျော့ကျနေခဲ့တယ်။ တဖြည်းဖြည်း ကျဆင်းလာတဲ့ စိတ်ကလည်း ဘယ်တက်ကျမ်းမှ အားကိုးရှာမရ။ စိတ်ဟာ ငရဲဆီ ခရီးသွားနေ။ စိတ်ဟာ လောင်မြိုက်မှုဆီ ခေါင်းတိုးလို့။ ကိုယ့်လက်ကိုယ် ငုံ့ကြည့်ရင်း အေးစက်နေတဲ့ လက်ဟာ အနွေးဓာတ်လိုနေကြောင်း ပြောလည်း ပြောမောပဲ။

ဖျက်ထားမိသမျှ နောက်ဆုံးမက်ဆေ့ချ်တွေ ခေါင်းထဲပေါ်လာ။ ဟာ ... ပြီးသွားပြီမဟုတ်လား။ ဒီလိုမဖြစ်သင့်ဘူး။ အငြင်းဝါကျတွေ ပုဒ်ဖြတ်ထားခဲ့ပေမဲ့ အခန်းဆက် ရှိနေသေးတဲ့ အစွဲဟာ ကြောက်စရာမိုက်တွင်းဆီ။ နောက်ကို ဆုတ်ထားပြီးသူက ခရီးလွန်ပြီးမှ ရှေ့ကို ပြန်ပြေးနေသလို မောမောကြီး။ မိုင်လွန်နေတဲ့ စိတ္တဇမြင်းတွေဟာ ဇက်ကြိုးမရှိသရွေ့ နှင်လို့ကောင်းတုန်း။ ငါက မြင်းရိုင်းတစ်ကောင်ပါ။ ဆူးကြမ်းထဲ ဒုန်းဆိုင်းရင်း သွားအလိမ့်လိမ့်လူး။

"ဘာအကြောင်းနဲ့ဖြစ်ဖြစ် မထားခဲ့ကြေးနော်"

လတ်လတ်ဆတ်ဆတ် ကြားယောင်ဆဲ အသံတွေ ပုပ်သိုးမသွားဘူး။ ငါ့ကိုယ်ငါ သိပ်ယုံခဲ့ဖူးတယ်။ ငါ့ကိုယ်ငါထက် မင်းကို ပိုယုံတဲ့အခါ ကိုယ့်လိုမဟုတ်တဲ့ လူတွေဆီက အမြင်တွေမှောက်လို့။ ကိုယ်ညံ့လို့ မှားခဲ့တဲ့ အမှားပါပဲ။ ဘယ်သူ့မှ အပြစ်မရှိ။

သမင်လည်ပြန်တောင် မလာတဲ့လမ်းကိုမှ ငါက ပိုင်ဆိုင်ချင်တာတဲ့။ ရူးတာမှ နိုင်ငံတကာလက်မှတ် ရတဲ့အထိ။ တရားဝင် ငါ ရူးနေတာတွေ။ ငါ့ကို သနားလို့တဲ့။ အတူတူရှိတုန်းက ရာသီဥတုတွေ မင်းသဘောအတိုင်း ဖောက်ပြန်လို့။ အရင်လို မသာယာတော့ဘူး။

အရိပ်မရှိတဲ့လူလို လောကကြီးထဲ ငါက အထူးအဆန်း။ ပတ်ဝန်းကျင်က လျှံထွက်လာတဲ့ လေလှိုင်းတွေက ငါ့နားထဲ လာလောင်းချ။ ပူလောင်လွန်းတဲ့ ငှက်ဆိုးထိုးသံတွေ။

"သူများတွေ အသည်းကွဲ အများဆုံး တစ်နှစ်ပေါ့။ ဒီကောင်က


mgyoe.com

mgyoe.com SAMPLE BOOK

လွန်လွန်းပါတယ်။ ခုထက်ထိကို အသည်းကွဲစံချိန်ချိုးတာ"

"ဒီကောင်သာ သူ့ဟာမအတွက် ခံစားနေတာ။ ဟိုက အခြားတစ်ယောက်နဲ့ သာယာနေတာ။ လမ်းထဲမှာ မမြင်ချင်အဆုံး"

အခါးသီးဆုံး အမှန်တရားတွေက ငါ့ကို အက်ဆစ်ညထဲ ထည့်ဖျော်လိုက်ကြတယ်။ တစ်ကောင်ကြွက်ဆန်တဲ့ အတွေးထဲ လုပ်ချင်ရာလုပ်နေခြင်းကလည်း အထီးကျန်တာကို မပြေဖျောက်နိုင်ဘူး။ အခန်းကျဉ်းထဲ ပြန့်ကျဲနေတဲ့ အရက်ပုလင်းတွေဟာ ထောင်တာထောင်၊ လဲတာလဲလို့။

"ငါ့ဘာသာငါတောင် မထူနိုင်တာ မင်းတို့ကိုလည်း မထူနိုင်ဘူးကွာ"

အရက်ပုလင်းတွေကို မျက်မှောင်ကုတ်ကြည့်ရင်း ငါ ရေရွတ်မိ။ ဘဝမရှိတဲ့ကောင်က အသိုက်ပျောက်နေတဲ့ငှက်လို ကြေကွဲစရာ။ ဘာလို့ ရှင်သန်နေသေးလဲ ပြန်မေးမိ။ ငါ ဘာလို့ ရှင်သန်နေသေးတာလဲ။ မေးခွန်းတွေ ခြောက်ခြားစရာ အထပ်ထပ်အခါခါ။

ဘာအတွက် ရှင်သန်ရဦးမှာလဲ။ ဖုန်း Screen ထဲက ပေါ်လာတဲ့ တစ်ခါတုန်းက စုံတွဲပုံ။ အားလုံး ပြီးသွားပြီ။ အားလုံး ပြီးသွားခဲ့ပြီ။ လဲပြီး အသက်ရှုရတာတွေ မောလာတယ်။ မဆုံတဲ့ရေစက် အဆုံးမှာ မီးပင်လယ်ကြီးကို ငါ မြင်ခဲ့မိ။

လမ်းထိပ်က ဘယ်လိုစိတ်နဲ့ ဝယ်လာမှန်းမသိတဲ့ ဘရိတ်ဓားကို စက္ကူဖြည်ပြီး ဆွဲထုတ်လိုက်တယ်။ ပြောင်လက်လက်အရောင်က ငါသွားချင်တဲ့ ခရီးအတွက် အားပေးအားမြှောက်ပြုလို့။ ဒီတစ်ယောက်တည်းကိုသာ အားပြုရင်း ရပ်နေမိတာမို့ ဒီကမ္ဘာက ငါ့အတွက် နေရာမရှိ။ နောက်ဆုံးအကြိမ် မင်းမျက်နှာလေးကို မြင်ယောင်ရင်း ...

"တီ ... တီ ... တီ"

တုန်ခါနေတဲ့ ဖုန်းမြည်သံကြောင့် ငါ့စိတ်ဟာ ခရီးတစ်ဝက်နဲ့ ဖုန်းမျက်နှာပြင်ကို လှမ်းကြည့်မိ။ နောက်ဆုံးအကြိမ် မင်းမျက်နှာလေး မြင်ချင်

mgyoe.com

mgyoe.com SAMPLE BOOK

လို့ ဖွင့်ထားမိတဲ့ ဖုန်းဆိကပေါ့။ အဲဒီအချိန် အခိုက်အတန့် ငါ့မှာ ဘယ်သူမှ မရှိဘူးဆိုတဲ့ အတွေးဟာ ထွက်ပြေးသွားခဲ့တယ်။ ဖုန်းကို ကောက်ကိုင်ရင်း တိုင်တည်စရာတစ်ခုကို ရှာဖွေတွေ့ရှိသွားသလို စကားလုံးတွေ အငမ်းမရ သွန်ချပစ်လိုက်တယ်။ မျက်ရည်တွေထဲ ငါ့စိတ်ကို လျှော့ချရင်း ဝေဒနာ ကုစားရာ မြင်းမိုရ်တောင်ရဲ့ အားတွေ ကျောရိုးထဲ စီးဝင်လာသမျှ မသိစိတ်နဲ့ ငါ့အတွက် အလှပဆုံးတစ်နေရာ ကျန်သေးမှန်း အခုပဲ သိလိုက်ရတယ်။

စေပိုင်ထွန်း

❑

Myawuttcho-book-case by saw
mgyoe.com

mgyoe.com SAMPLE BOOK

## ဟန်မရှိတဲ့အသံ

နေမကောင်းတဲ့အချိန်မှာ တစ်ယောက်ယောက်ကို ပိုပြီး သတိရလာတယ်။ အားငယ်တဲ့အချိန်မှာ လူတွေက အားကိုးရာ ရှာသလိုပေါ့။ မမြင်နိုင်တဲ့ထောင့်မှာ ဆိုပေမဲ့ မြင်ရတဲ့အတွေးက သူ့အလိုလို ရောက်လာတာ။ သူကတော့ သိမယ် မထင်ပါဘူး။

လူကလည်း ဘယ်မှမသွားနိုင်၊ ဘာမှမလုပ်နိုင်ဆိုတော့ အတွေးက ဟိုရောက်ဒီရောက်ပေါ့။ အလုပ်ရှုပ်ချိန် မသိသာပေမဲ့ နားနေရတဲ့အချိန်မှာဆို လူတွေက ပိုသတိရတတ်ကြတယ်။ မာနကြောင့် ဝေးခဲ့ရတဲ့အဖြစ်က ကိုယ့်မှ မဟုတ်ပါဘူး။ ဒါပေမဲ့ လူတွေက ကိုယ့်ဒဏ်ရာမှ ပိုပြင်းကြတာ မဟုတ်လား။

သွေးပူနေတုန်း ဒဏ်ရာတွေကို မေ့ထားနိုင်သူတိုင်းဟာ အခြေအနေ ငြိမ်သက်သွားတဲ့အချိန်ကျမှ ဒဏ်ရာရဲ့ နာကျင်မှုကို ပိုခံစားရတယ်။

"ဘာတွေပဲဖြစ်ဖြစ် ကိုကိုအရင် စခေါ်ရမယ်နော်"

ရန်ဖြစ်ပြီးတိုင်း အမြဲစခေါ်ဖြစ်တဲ့ ကျွန်တော့်ကို မရိုးနိုင်အောင်

Myawuttcho-book-case by saw
mgyoe.com

mgyoe.com SAMPLE BOOK

သူက မှာနေကျ။ ကျွန်တော်ကလည်း အမြဲ ခေါင်းညိတ်နေကျပဲ။ အစစ အရာရာ အဆင်ပြေနေတဲ့အချိန် လူတွေက သည်းခံဖို့လည်း ဝန်မလေးကြဘူး။ အရှုံးပေးရတယ်လို့လည်း မတွေး။ ချစ်လို့လိုက်လျောတယ် ဆိုတာနဲ့ အရာအားလုံး အဆင်ပြေပြေပေါ့။

အချိန်ပိုင်းအလုပ်ကလေးနဲ့ ကိုယ်ဝါသနာပါရာ လုပ်ခွင့်ရနေတဲ့ ဘဝဆိုတော့ လက်ရှိချစ်သူနဲ့လည်း ဘယ်လိုဆိုးဆိုး အေးအေးဆိုတာမျိုး။ သူဆိုးတာလေးကပဲ ချစ်စရာလို့ တွေးနေမိတဲ့အထိ။ တကယ်ကို တစ်စက်မှ အပြစ်မမြင်ခဲ့တာပါ။

အဲဒီလို အချိန်ကလေးကလည်း အမြဲတမ်း တည်မြဲနေမယ်လို့ ထင်ခဲ့မိတာပေါ့။ ဒါပေမဲ့ မမြင်ရတဲ့ ကံကြမ္မာဆိုတာမျိုးကလည်း တယ်ခက်သား။ ဘဝဆိုတာ တစ်သမတ်တည်း ဘယ်တုန်းကမှ ရှိခဲ့တာမှ မဟုတ်တာ။ အဲဒါကြောင့်လည်း မုန်တိုင်းမလာခင် လေပြေလို အခြေအနေမျိုး ကျွန်တော်တို့နှစ်ယောက်ကြား ရှိနေခဲ့တာပေါ့။

တစ်နှစ်၊ နှစ်နှစ် လှပတဲ့ အချစ်ကြားထဲ ဝင်လာတဲ့ဗီလိန်က လူတစ်ယောက်လည်း မဟုတ်ပါဘူး။ ဘဝတစ်ခု ထူထောင်မယ်ဆိုတဲ့ အစီအစဉ်အတွက် လက်တွေ့ဆန်လာတဲ့အခါ ရှိရင်းစွဲ အခြေအနေလေးဟာ ပြောင်းလဲခဲ့ရတယ်။ အချိန်ပိုင်း ဆေးခန်းအကူအဖြစ် လုပ်နေရတဲ့ ကျွန်တော့်လခက စုမိဆောင်းမိ မဖြစ်သလို ကျွန်တော့်ဝါသနာဖြစ်တဲ့ စာရေးတဲ့ အလုပ်ကလည်း သိတဲ့အတိုင်း နေ့မြင်ညပျောက်ပေါ့။

အဲဒါနဲ့ ကျွန်တော် အလုပ်ပြောင်းဖို့ သူက ပြောတယ်။ သူကလည်း ကူရှာပေးတယ်။ ပြောင်းရတဲ့အလုပ်က စားသောက်ဆိုင်မှာ ကောင်တာ စာရေးပေါ့။ လခက မက်လောက်စရာဆိုပေမဲ့ လုပ်ရတဲ့ အလုပ်ကလည်း မနားရပါဘူး။ အလုပ်ပြီးသွားတဲ့အချိန်ဆို လူက တစ်ခါတည်း ပင်ပန်းပြီး တန်းအိပ်ချင်တဲ့အထိပေါ့။ နောက်ပြီး ကိုယ်ဝါသနာပါရာ အလုပ်လည်း မလုပ်နိုင်တဲ့အထိ စိတ်လည်း ညစ်ညူးရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အလုပ်မှာ အားလုံးနဲ့ သည်းခံလာသမျှ အလုပ်ပြီးသွားတဲ့အချိန်ဆို လူက စိတ်ပန်းလူပန်း ဖြစ်နေပြီး တစ်ခုခုဆို ဒေါသထွက်လွယ်ပါတယ်။ ကိုယ်ပျော်ရာ ဝါသနာကိုလည်း ထွက်ပေါက်အဖြစ် မရတော့ လူက ပိုဆိုးတာပေါ့။ အဲဒီအချိန်မှာ သူကလည်း အရင်အတိုင်း ဆိုးမြဲဆိုးတဲ့အခါ ကျွန်တော် ပေါက်ကွဲပါရော။

ကျွန်တော်ကလည်း ဒီမှာ လူက အလုပ်ဖိအားနဲ့ စိတ်ပန်းလူပန်း ဖြစ်ရတဲ့ကြားထဲ သူက နားမလည်ဘူးဆိုတာမျိုး။ သူကလည်း ကျွန်တော့်ကို အရင်လို သည်းမခံနိုင်တဲ့အခါ မချစ်ဘူးလို့ ထင်လာတာမျိုး ဖြစ်လာတာပေါ့။ ငွေအားအရ အခြေအနေတစ်ခု ရောက်လာပေမဲ့ ချစ်ခြင်းမေတ္တာ အရတော့ ကျွန်တော်တို့ နောက်ကို ရောက်သွားကြတယ်။

အစကတော့ သိပ်အားမပြင်းတဲ့ ပွတ်တိုက်မှုမျိုးပါပဲ။ နောက်တော့ တစ်ယောက်နဲ့တစ်ယောက်ဟာ အားပြင်းလာတဲ့အခါ မီးတောက်စစ်ပွဲတွေလို ဖြစ်လာတယ်။ အစကတော့ ဒေါသသံလေးပါပဲ။ နောက်တော့ နင်ပဲ ငဆနဲ့ မခေါ်ကြတဲ့အထိ ဖြစ်ကုန်တာမျိုးပေါ့။ သူခေါ်နိုး ငါခေါ်နိုး တစ်ယောက်တစ်လှည့် ဘယ်သူခေါ်မှန်းမသိ ပြေလွယ်သွားကြပေမဲ့ အချစ်က ငုပ်ကောင်တစ်ကောင်လို ဖြစ်သွားတယ်။

နှစ်ယောက်ကြား မာနတိုက်ပွဲတစ်ခုလို ယှဉ်ပြိုင်မှုမျိုးက အသာစီးရသွားသလိုပေါ့။ မင်းတောင် နေနိုင်သေးတာ ငါလည်းနေနိုင်တယ် ဆိုတာမျိုးက ဘာမှမဟုတ်ဘဲ ကျွန်တော်တို့နှစ်ယောက်ကြားကို ဝေးကွာသွားစေတယ်။ တကယ် ဘာမှမဟုတ်တဲ့ အကြောင်းအရာလေးပါ။ ဒါပေမဲ့ အက်ကွဲကြောင်းလေးကပဲ နှစ်ယောက်အတူ ဘဝပျက်စီးသွားစေတာမျိုးပေါ့။

ကိုကိုနဲ့သဲဆိုတဲ့ နာမ်စားတွေ ပျောက်ကုန်ကြပြီး မင်းနဲ့ငါ၊ နင်နဲ့ငါ နောက်ဆုံးမက်ဆေ့ချ်တွေက ရင်နာစရာတွေပါပဲ။ ကျွန်တော်တို့နှစ်ယောက်ကြား ကြိုးတွေ ပြတ်တောက်ရတာဟာ စကားလုံးကြမ်းတွေနဲ့ ဖုန်းထဲမှာ ခုတ်ထုတ်ပစ်တာကြောင့်ဆိုလည်း မမှားဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

"နင်နဲ့ငါ ဇာတ်လမ်းက ပြီးပြီ။ ငါ့ကို မနှောင့်ယှက်ပါနဲ့တော့"

"ငါက နှောင့်ယှက်တယ်တဲ့လား။ အိုကေ ... စိတ်ချ။ နောက် ဘယ်တော့မှ မဆက်သွယ်တော့ဘူး။ ဒီဆင်းကတ်က မင်းအတွက် ဒါ ... နောက်ဆုံးသုံးခြင်းပဲ"

အဲဒီလို ဖုန်းပြောပြီးတဲ့နောက် စိတ်လိုက်မာန်ပါနဲ့ ကျွန်တော် ဖုန်းဆင်းကတ်ကို အမှိုက်တောင်းထဲ လွှင့်ပစ်လိုက်တယ်။ အဲဒီလိုပြောတဲ့အချိန် အထိ သူ့ဘက်က ဘယ်လိုရှိမယ် မသိပေမဲ့ ဒီဘက်မှာတော့ အရှုံးမီးဝိုင်းပဲ။ ဒါပေမဲ့ မာနတွေ ... အရှိန်မသေသေးတဲ့ မာနတွေပေါ့။ အဲဒီမာနတွေနဲ့ပဲ သူ့ကို မုန်းဖို့ ကြိုးစားခဲ့တယ်။ မေ့ဖို့လည်း ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ခံစားချက်ဆိုတာကလည်း ကြိုးစားတိုင်း ဖြစ်လာတာမှ မဟုတ်ပဲလေ။

သတိရဖို့ တိုက်ဆိုင်တဲ့ အခြေအနေ၊ အချိန်အခါကလည်း ခဏခဏ မဟုတ်တောင် အကွက်စိပ်စိပ် မဟုတ်လား။ ဒါပေမဲ့ မဆက်သွယ်ဖြစ်ဘူး။ အနှောင့်အယှက်ဖြစ်တယ်ဆိုတဲ့ စကားက အခံရခက်အောင် ဒဏ်ပြင်းနေတုန်း။

အခုလည်း ဘာလိုလိုနဲ့ တစ်နှစ်ပြည့်တော့မယ်။ ကျွန်တော်လည်း အခုဆို အလုပ်ကြိုးစားမှု ရလဒ်နဲ့ ဆိုင်မှာ မန်နေဂျာဖြစ်နေပြီ။ သူ့ကို မေ့ဖို့ ကြိုးစားတိုင်း အလုပ်ကို ဖိလုပ်တဲ့ အာရုံလွှဲမှုမျိုးကြောင့်ပဲ ဒီလိုအခြေအနေမျိုး ရောက်လာခဲ့တာ။

မနေ့က ဆိုင်အတွက် လိုအပ်တဲ့ပစ္စည်းတွေ အဝယ်တော်နဲ့ လိုက်သွားရင်း မိုးမိသွားတယ်။ လူကလည်း အိပ်ရေးပျက်တဲ့အရှိန်ကြောင့် ထင်ပါရဲ့။ ကျွန်တော် ဖျားရော။ အလုပ်ကို ခွင့်ယူပြီး အိမ်ထဲမှာ အတိတ်ကို ရွှက်လှန်နေခဲ့တာ။

ရှောင်ပြေးလို့မရတဲ့ အလွမ်းနဲ့ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့က သူသာရှိရင် သုံးနှစ်ပြည့်ပေါ့။ သူ ဘာတွေများလုပ်နေမလဲ။ သူ အဆင်ပြေရဲ့လား။ နေမကောင်းတဲ့အခါ အားငယ်စိတ်တွေနဲ့ သူသာရှိရင် ဆိုတာမျိုး။ အရာ

mgyoe.com

mgyoe.com SAMPLE BOOK

အားလုံး ခွင့်လွှတ်ဖို့ တောင်းပန်မိမှာ။ အခုအချိန်မှာ မာနတွေလည်း မရှိတော့ပါဘူး။

အမေပို့ထားတဲ့ ကြက်စွပ်ပြုတ်ကို မသောက်ချင် သောက်ချင်နဲ့ သောက်ရင်း အားသွင်းထားတဲ့ ဖုန်းက ထမြည်လာတယ်။ အလုပ်ကဖုန်းလားလို့ ကြည့်တာ။ ဖုန်းနံပါတ်အစိမ်းဆိုတော့ ပထမက မကိုင်မိဘူး။ နောက်တော့ အထပ်ထပ်အခါခါ ခေါ်နေတာမို့ ကိုင်မိလိုက်တယ်။ လက်ထဲ ဖုန်းကို ကိုင်ထားရင်း ဘာဖြစ်လို့ မျက်ရည်က စီးကျလာလဲမသိ။ ကျွန်တော် လိုအပ်နေတဲ့ အသံလေး။ ပျောက်ဆုံးနေတဲ့ ရင်ဘတ်တစ်ခြမ်းဟာ ဖုန်းထဲက နေ ရောက်လာတယ်။

"သဲတို့ရဲ့ အမှတ်တရ ဒီနေ့လေးကို ကိုကိုမရှိဘဲ မဖြစ်သန်းချင်ဘူး။ ကိုကို့ကို အရမ်းလည်းလွမ်းတယ်။ နောက်ပြီး အရမ်းလည်း ချစ်တယ်။ ကိုကို့ကို နားမလည်မိတဲ့ သဲကိုလည်း ခွင့်လွှတ်ပေးမယ်မဟုတ်လား"

သူလည်း ကိုယ်လိုပဲဆိုလို့ ဝမ်းသာမိတယ်။ ကျွန်တော် ဘာမှ မပြောနိုင်ခဲ့ဘူး။ တကယ် ဘာမှကို မပြောနိုင်ခဲ့တာ။ မျက်ရည်တွေတောင် မသုတ်ဖြစ်တဲ့အထိ။ သူကတော့ သိမှာပါ။ ကျွန်တော် ဘာမှမပြောပေမဲ့ ရင်ထဲအသံကို နှလုံးသားနဲ့ နားထောင်နေမယ်ဆိုတာ ...။

စေပိုင်ထွဋ်

❑

mgyoe.com

mgyoe.com SAMPLE BOOK

## နေရာလိုက်တန်ဖိုး

ကျွန်တော်ငယ်ငယ်က ဘယ်နေရာမဆို အသုံးမကျဘူးလို့ ထင်ခဲ့တယ်။ ထင်လည်း ထင်စရာပဲ။ ကျွန်တော့်ရဲ့နေ့တွေက အလွဲလွဲအချော်ချော်တွေ များရဲ့။ ဒါကြောင့် ဦးလေးရဲ့ အမြဲတမ်း အဆူခံဆိုလည်း မမှားဘူး။ ဒါပေမဲ့ ကျွန်တော်ကလည်း ခက်တယ်။ ဆူလေ ပိုမှားလေပါပဲ။

ဦးလေး အဆူခံရတယ်ဆိုလို့ အဖေ၊ အမေ အဆူမခံရဘူးလားလို့ မေးစရာရှိတယ်။ အဖေကတော့ ဆူပါဆိုရင်တောင် မဆူနိုင်တော့ဘူး။ ကျွန်တော် ငယ်ငယ်ကတည်းက ဆုံးပါးသွားခဲ့တာပါ။ အမေကတော့ ဆရာမတာဝန်ကျပြီး ရွာဘက်ကို တာဝန်ထမ်းဆောင်နေတယ်။ ရွာကလည်း တော်တော်ခေါင်တာမို့ ကျွန်တော့်ရဲ့ ပညာရေးအတွက်ဆိုပြီး အမေက အဘွားဆီမှာ ပို့ထားတယ်။ အဘွားမှာလည်း အမေတစ်ယောက်တည်း မိန်းကလေး။ ကျန်တာက ယောက်ျားလေးတွေချည်း။ ကျွန်တော်တစ်ယောက် ပိုလာတာ မဆန်းဘူး။ နောက်ပြီး ချစ်လှချည်ရဲ့။

ဦးလေးကလည်း အိမ်ထောင်ကျတဲ့သူကကျနဲ့ ကျွန်တော်က အိမ်ထောင်မကျတဲ့ လူပျိုကြီးတွေနဲ့ နေရတာ။ အိမ်မှာ အိမ်ထောင်မကျသေး

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ ဦးလေးအလတ်နဲ့ အငယ်ဆုံး ရှိရဲ့။ ဦးလေးအငယ်ဆုံးရဲ့အဆူ သိပ်မခံရပေမဲ့ ဦးလေးအလတ်ရဲ့ အဆူကတော့ တစ်နေ့မပြတ်ခဲ့ဘူး။ ကျွန်တော်မှားရင်း ဦးလေးဆူရင်း ကျွန်တော်ပိုမှားရင်း ဒါတွေနဲ့ပဲ သံသရာလည်နေတော့တာ။ ကျွန်တော် တစ်ခုခုလွဲတိုင်း ဦးလေး လက်သုံးစကားက ...

"မင်း တော်တော် အသုံးမကျဘူး" တဲ့။

အဲဒီစကားတွေကပဲ ဆိုက်ကိုတွေ ဖြစ်စေတာလား မသိ။ ကျွန်တော့်စိတ်ထဲမှာ မိသားစုထဲ သိုးမည်းလို ခံစားရတယ်။ ကိုယ့်ကိုယ်ကိုယ် အသုံးမကျသလို ခံစားရတယ်။ အဆူခံရပါများတော့ ကျွန်တော့်စိတ်က ထုံပေပေ ဖြစ်လာတယ်။ ဦးလေးပြောသမျှလည်း ကျွန်တော် ဘယ်တော့မှ အထွန့်မတက်ခဲ့ဘူး။ အထွန့်တက်လည်း ဆင်ခြေပေးတယ်ချည်းဆိုတော့ ဟုတ်လည်းခံ မဟုတ်လည်းခံနဲ့ တော်တော်ဆိုးခဲ့တယ်။

မိသားစုထဲမှာလည်း ကျွန်တော်က ငနုံအပဲ။ ဒီကောင်က ထူတယ်ဆိုတာမျိုးက ကျွန်တော် ကြားနေကျ။ ကျွန်တော့်တန်ဖိုးက အမြဲ သုညလို့ ခံယူထားမိတယ်။ အဲဒါကြောင့် ကျွန်တော် မိသားစုကြားထဲ တိတ်ဆိတ်နေတာ များတယ်။ ကျွန်တော့်စကားက အမှားပါသွားမှာလည်း ကြောက်လို့ပါ။ ကြောက်လို့ စကားမပြောတာကပဲ ကျွန်တော် စကားတစ်ခုခု ပြောမယ်ဆို ပိုပြီး မှားတာပါပဲ။ ကျွန်တော် အဲဒီလိုတွေ ဖြစ်နေတာ ကျွန်တော့်ကိုယ်ကျွန်တော်လည်း မကျေနပ်ဘူး။

ဒီလိုနဲ့ ကျွန်တော် အလုပ်တစ်ခု ဝင်လုပ်ဖြစ်တယ်။ အဲဒီလို အလုပ်ဝင်လုပ်ဖြစ်တာကလည်း ဦးလေးက သူ့အသိဆီမှာ သွင်းပေးတာပါ။ ဒါပေမဲ့ ကျွန်တော့်ကို အာမမခံဘူးလို့လည်း သူက ပြောထားသေးရဲ့။ ကျွန်တော့်ကိုလည်း မင်း အဆင်ပြေပါ့မလား။ ငါ့မျက်နှာပျက်အောင် မလုပ်နဲ့ဆိုပြီး ဒီအလုပ်ကို သူ့အသိဆီမှာ သွင်းပေးတာပါ။ သူ့အသိကလည်း လူတစ်ယောက် လိုနေတာနဲ့ အတော်ပေါ့။

လုပ်ရတဲ့အလုပ်က အရောင်းစာရေးပါပဲ။ ဘာတွေရောင်းလဲဆိုတော့ လျှပ်စစ်ပစ္စည်းတွေပေါ့။ အဲဒီမှာ တီဗီ၊ အဲကွန်း၊ ဒီဗီဒီစက်၊ ဂိမ်း


mgyoe.com

mgyoe.com SAMPLE BOOK

စက် စသဖြင့်ပေါ့။ ကျွန်တော် လုပ်ရတဲ့အလုပ်က မနက်မိုးလင်းရင် အလုပ်ဝင်ပြီး တရားခွေ အရင်ဖွင့်ရတယ်။ ပြီးရင် ဆိုင်တွင်းသန့်ရှင်းရေး လုပ်ရတယ်။ နောက်ပြီးရင်တော့ ဆိုင်လူလာရင် လာသလို ရောင်းရတာပဲ။ နေ့လယ်ကျရင် ဆိုင်နဲ့အိမ်က သိပ်မဝေးတော့ အိမ်မှာ ထမင်းသွားစားတယ်။ ကိုယ်သွားစားတဲ့အချိန်ကျ ဆိုင်မှာ ဝန်ထမ်းရှိရင် ဝန်ထမ်းစောင့်၊ ဝန်ထမ်းက ခွင့်ယူထားရင်တော့ သူဌေးစောင့်ပဲ။ ပြန်လာရင် ဆက်ရောင်းပေါ့။ ညနေစောင်းကျ အဆာပြေမုန့်ကို ဆိုင်ပိုင်ရှင်ဘက်က ကျွေးတယ်။ ဘာဖြစ်လို့ဆိုတော့ အလုပ်က ညကျမှ ပြန်ရမှာမဟုတ်လား။ အဲဒီအချိန်ဆို ဗိုက်က ဆာပြီလေ။ အဆာပြေ ကျွေးထားလို့သာ ညအထိ ခံနိုင်တာ။ အဲဒါကတော့ နိစ္စဓူဝ အလုပ်ပါပဲ။

ဒီကြားထဲ တစ်ခါတစ်ခါ ရန်ကုန်က ပစ္စည်းသစ်တွေ လာချရင်တော့ အလုပ်ရှုပ်ရတယ်။ ချလာသမျှ ပစ္စည်းတွေကို ဝယ်တဲ့သူ မလာခင် အကုန် ကောင်းမကောင်း စစ်ရတယ်။ မကောင်းရင် ပြန်လဲရမှာ မဟုတ်လား။ ပစ္စည်းများရင် များသလို တစ်နေ့လုံး မတ်တတ်ပဲ။ ဒီကြားထဲ ဝယ်သူလာရင်လည်း လာသလို ရောင်းရသေးတယ်။ အဲဒီလို တစ်နေ့လုံးပင်ပန်းပြီး ညကျရင် သိပ်အိပ်လို့ကောင်းတာ။ ဆရာကြီးပီမိုးနင်းပြောတဲ့ အလုပ်က အကောင်းဆုံးအိပ်ဆေးဆိုတာ သိပ်မှန်ရဲ့။

ဦးလေးပြောလို့ ဆိုင်ရှင်က ဒေါသကြီးတယ်ဆိုတာ သိရတယ်။ ဝင်ခါစမှာ လုပ်ငန်း မကျွမ်းကျင်မှုကြောင့် နည်းနည်း အဆူခံရတာတော့ ရှိတယ်။ ဒါပေမဲ့ တစ်ပတ်နှစ်ပတ်မှာတင် အလုပ်နဲ့ကျွန်တော် အသားကျသွားတယ်။ သူကလည်း ကျွန်တော့်ကို စိတ်ချယုံကြည်စွာနဲ့ အကုန်လွှဲထားတယ်။

ဆိုင်ကလည်း အထာတွေ အများကြီးဗျ။ ဈေးရောင်းတဲ့အခါ အပျင်းပြေ လာကြည့်သူကိုတောင် ဝယ်ချင်လာအောင် ပြောတတ်ရတယ်။ နောက်ပြီး ပစ္စည်းကောင်း ညွှန်းပေးရတယ်။ ပစ္စည်းကောင်းရင် ဈေးလည်းကောင်းပေါ့။ အဲဒါကလည်း ဝယ်တဲ့သူအပေါ် မူတည်ပြီး အမျိုးမျိုးပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

ဝယ်တဲ့သူက ဘယ်လောက်တတ်နိုင်မလဲဆိုတာ အရင်မေးရမယ်။ အဲဒီ အပေါ်မှာ မူတည်ပြီး ဈေးကောင်းပေးနိုင်သူဆို ပစ္စည်းကောင်း ဈေးကောင်း ကို ဦးတည်ရောင်းချပြီး အသင့်အတင့်သာ ဝယ်နိုင်သူကိုတော့ တန်လည်း တန် အဆင်ပြေတာကို ညွှန်းပေးရတယ်။ အနိမ့်ဆုံးပဲ တတ်နိုင်သူကိုတော့ တစ်ခါတည်း ပစ္စည်းတော့ညံ့တယ်။ အာမခံမပါဘူး။ ဒါပေမဲ့ ကောင်းရင် လည်း အကြာကြီးခံမယ်။ မကောင်းရင်တော့ ခြောက်လအတွင်း ပျက်တတ် တယ်ဆိုပြီး တစ်ခါတည်းပြောပြီး ရောင်းတယ်။ အဲဒီလို ရိုးသားစွာ ရောင်းချ မှုက အလုပ်ဖြစ်ရဲ့။ ကျွန်တော်ဝင်ပြီး ရောင်းအားတက်လာတာကို မြင်ရ တယ်။ တစ်ခါ လာဝယ်ပြီးသူတိုင်းက ကျွန်တော်တို့ဆီကို ပြေးမလွတ်တော့ ဘူး။

အဲဒီလိုဆိုတော့ ဆိုင်က အမြဲရိုးသားနေတာတော့ မဟုတ်ပါဘူး။ အဲဒီလို မရိုးသားသလို ဖြစ်ရတာလည်း လူတွေကြောင့်ပါပဲ။ အဲဒါဘာလဲ ဆိုတော့ ဆိုင်ကို ခေါ်လာတတ်တဲ့ ဆိုက်ကားသမားတချို့နဲ့ ပွဲစားတချို့ပေါ့။ အဲဒီလိုလူတွေက အကျိုးဆောင်ခ အမြဲတောင်းတတ်တယ်။ သူတို့က ဝယ် သူ ခေါ်မလာခင်ကတည်းက ကြိုပြောထားတယ်။ သူတို့အတွက် သင့်တင့် တဲ့နှုန်းတော့ သတ်မှတ်ပေးရတာပဲ။ အဲဒီလို သတ်မှတ်တဲ့အခါ ဝယ်သူလာ တဲ့အခါ သူတို့ကို ပေးရတဲ့ဈေးက ပိုထွက်လာရတော့တယ်။ မပေးပြန်ရင် လည်း မိတ်ပျက်မှာ ကြောက်ရတာမဟုတ်လား။ အဲဒါကြောင့် အားလုံး အဆင်ပြေအောင် တတ်နိုင်သလောက် ဖန်တီးရတာပဲ။

နောက်ပြီး ကျွန်တော်တို့တွေက တစ်ဆင့်ပြန်ရောင်းချချင်သူတွေ ကိုလည်း တတ်နိုင်သလောက် လျှော့ပေးဖြစ်တယ်။ ဖောက်သည်ယူ ရောင်း သူတိုင်းကလည်း ရန်ကုန်ကဈေးနဲ့ သိပ်မကွာဘူးဆိုတော့ ကျွန်တော်တို့ဆီ မှာပဲ ဝယ်ကြတယ်။

ဒီလိုနဲ့ ဆိုင်မှာ ရောင်းချရင်း တီဗီတစ်လုံးနဲ့ပတ်သက်ပြီး ပြဿနာ ပေါ်တယ်ဗျ။ အဲဒါက တီဗီက ဝယ်ပြီး သိပ်မကြာခင် ဘာမှ ဖွင့်မရလို့တဲ့။ ကျွန်တော်တို့ကတော့ စမ်းသပ်ပြီးမှ ပေးလိုက်တာပါ။ ဟိုရောက်မှ ဖြစ်တာ


mgyoe.com

mgyoe.com SAMPLE BOOK

တော့ ကျွန်တော်တို့လည်း သိပ်နားမလည်ဘူး။ အဲဒါနဲ့ သူက ကျွန်တော်တို့ဆိုင်ကို ပြသနာရှာတာပေါ့။ အာမခံရှိတာမို့ ကျွန်တော်က ကိစ္စမရှိဘူး ရှင်းပြရတယ်။ အကျိုးအကြောင်းသိအောင် ကျွန်တော် လိုက်ခဲ့မယ် ပြောလိုက်တယ်။ သူဌေးကိုလည်း အကြောင်းစုံရှင်းပြပြီး လိုက်ဖို့ ခွင့်တောင်းတယ်။ သူဌေးကလည်း ကျွန်တော့်ကို စိတ်ချယုံကြည်ပြီး ထည့်လိုက်ပါတယ်။ ဒါပေမဲ့ အဆင်မပြေရင်တော့ ဖုန်းဆက်လို့တော့ ပြောတယ်။ ကျွန်တော်လုပ်တာ သိပ်မကြာသေးတော့ အဆင်မပြေမှာလည်း စိုးတယ်ထင်ပါရဲ့။

"သူဌေး လိုက်မကြည့်ဘူးလား။ ဒီကောင်လေးက ကြည့်တတ်မယ် မထင်ဘူး"

လာခေါ်တဲ့ ဦးလေးကြီးက ကျွန်တော် အသက်ငယ်နေတာကို စိတ်မချဘူး ထင်ပါရဲ့။ သူပြောတဲ့စကားကြောင့် ကျွန်တော့်စိတ်ထဲ စိုးထိတ်သွားတာတော့ အမှန်။ စိတ်ထဲမှာလည်း ကိုယ့်ကိုယ်ကိုယ် အသုံးမကျဘူးဆိုတဲ့အသံ ပြန်ကြားရသလိုပဲ။ ကျွန်တော် ဘာမှမပြောခင် သူဌေးက ဝင်ပြောတယ်။

"ဒီကလေးက သင်ယူချင်တဲ့စိတ် ရှိတယ်။ တော်ရုံတန်ရုံလောက်က ဒီကလေးနဲ့ ပြီးပါတယ်။ ကျွန်တော် စိတ်ချလို့ သူ့ကို လိုက်သွားခိုင်းတာပါ"

သူဌေးရဲ့စကားကြောင့် ကျွန်တော် အံ့သြသွားတယ်။ ဒီစကားမျိုး ကျွန်တော့်ဘဝမှာ တစ်ခါမှ မကြားဖူးဘူး။ တကယ်ဆို တစ်ခါဆိုတစ်ခါမှ မကြားဖူးဘူးတာ။ အဲဒီစကားက ကျွန်တော့်စိတ်ကို အားပိုရှိလာစေတယ်။ တတ်နိုင်သလောက် အကောင်းဆုံး လုပ်ပေးမယ်ဆိုပြီး ဆုံးဖြတ်ထားရဲ့။ သူဌေးရဲ့ ယုံကြည်မှုက ကျွန်တော့်အတွက် အားအင်ပါပဲ။ သူဌေးလည်း ကျွန်တော့်ဘက်က ဝင်အာမခံတာကြောင့် ဦးလေးကြီး ဘာမှမပြောတော့ဘူး။ လိုက်ခဲ့ဆိုပြီး သူ့အိမ်ကို ခေါ်သွားတယ်။

အိမ်ကိုရောက်တဲ့အခါ တီဗီကို ကျွန်တော် အကုန်ပတ်စစ်တယ်။ သူပြောတဲ့အတိုင်းပဲ တီဗီက ဘာမှကိုမလာတာ။ ပလက်ပေါက် ထိုးထား


mgyoe.com

mgyoe.com SAMPLE BOOK

တာလည်း မှန်တယ်။ ညှော်နံ့လည်း မရှိဘူး။ ရီမုဒ်နဲ့လည်း စမ်းကြည့်တယ်။ တီဗီက ဘယ်လိုမှမပွင့်ဘူး။ တီဗီက အသစ်ဆိုတော့ တော်တန်ရုံ ဘာမှ မဖြစ်နိုင်ဘူးလို့ တွေးမိတယ်။ ဝယ်တုန်းကလည်း သေချာစမ်းပြထားတာ မဟုတ်လား။ အဲဒါနဲ့ စိတ်ထဲ သိပ်မသင်္ကာတာနဲ့ ရီမုဒ်ထဲက ဓာတ်ခဲကို လဲကြည့်လိုက်တယ်။ ထင်တဲ့အတိုင်းပဲ ဓာတ်ခဲလဲပြီး တီဗီကို နှိပ်ဖွင့်လိုက်တဲ့အခါ တီဗီက ပွင့်လာတာပဲ။ ဦးလေးကြီး တော်တော် ပျော်သွားပုံရတယ်။

"ကောင်လေး ... မင်း အရမ်းတော်တယ်။ အစက မင်းကို နှိမ်မိသလိုဖြစ်သွားရင် တောင်းပန်ပါတယ်ကွာ။ ရော့ ... ဒီမှာ မင်းအတွက် မုန့်ဖိုး"

ဦးလေးကြီး ကျွန်တော့်လက်ထဲ မုန့်ဖိုး အတင်းလာထည့်ပေးတယ်။ ကျွန်တော် မယူဘူးပြောတာလည်း မရဘူး။ ကျွန်တော့်ကို မုန့်ဖိုးပေးရုံတင် မက ဆိုင်ပါ ပြန်လိုက်ပို့ပေးသေးတယ်။ ဆိုင်ရှင်က ကျွန်တော် ပြန်လာတာ မြင်တော့ အားလုံး အဆင်ပြေတယ်မဟုတ်လားလို့ မေးတယ်။ ကျွန်တော်ကလည်း လက်မ ထောင်ပြလိုက်တယ်။

ဆိုင်ရှင်က မင်း ဘယ်လိုဖြေရှင်းလဲ မေးသေး။ အဲဒါနဲ့ ကျွန်တော် သေသေချာချာ ရှင်းပြရတယ်။ ရန်ကုန်က စက်ပစ္စည်းတွေ စမ်းခဲ့ရတုန်းက တစ်ခါကြုံခဲ့ရတာက အထောက်အကူ ပြုစေတာလို့ ရှင်းပြတယ်။ အဲဒီတုန်းက အခြေအနေကလည်း အလားတူပဲ။ ပစ္စည်းသစ်ဝင်တာမို့ တီဗီတွေ တောက်လျှောက် စမ်းနေရင်း တီဗီတစ်လုံးက ပါဝါမလာဘူး။ ဘယ်လို စမ်းစမ်း မပွင့်တော့။ သူဌေးကို ခေါ်မေးတဲ့အခါ သူဌေးက ဓာတ်ခဲလဲပြီး ပြန်စမ်းကြည့်လို့ ပြောတယ်။ သူပြောတဲ့အတိုင်း လုပ်ပြီး ဖွင့်တဲ့အခါ ပြန်ပွင့်လာတာကို မှတ်ထားဖြစ်တယ်။ အဓိကက ဓာတ်ခဲအားကုန်နေတာ မဟုတ်လား။ တီဗီကတော့ အကောင်းကြီးပါပဲ။

အဲဒီအတွေ့အကြုံကို သင်ခန်းစာယူပြီး ကျွန်တော် ဖြေရှင်းလိုက်တာပါ။ ဆိုင်မှာစမ်းတုန်းက တီဗီမှာပါတဲ့ ဓာတ်ခဲကို ထည့်ပြီး စမ်းခဲ့ရတာ ဆိုတော့ အားရှိတုန်းက ပွင့်နေတာပေါ့။ ဒါပေမဲ့ အိမ်ရောက်လို့ အားကုန်


mgyoe.com